Burmese / မြန်မာ

# သင့်ပြည်နယ် ပါလီမန် အကြောင်း

## အစိုးရ အဆင့်ဆင့်

ဩစတြေးလျနိုင်ငံတွင် အစိုးရ အဆင့် သုံးဆင့်ရှိသည်- မြို့နယ်၊ ပြည်နယ်နှင့် ပြည်ထောင်စုဖြစ်သည်။

**ပြည်ထောင်စု-** ပြည်ထောင်စုအဆင့် အစိုးရသည် ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကိစ္စများအတွက် တာဝန်ရှိသည်၊ အခွန်၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး (ပြင်ပ ရေးရာများ)၊ ကာကွယ်ရေး၊ လူဝင်မှုကိစ္စနှင့် စသဖြင့်ပို၍များများကိစ္စတို့ဖြစ်သည်။ ပြည်ထောင်စု အဆင့် ပြဋ္ဌာန်းသည့် ဥပဒေများမှာ ဩစတြေးလျနိုင်ငံ တစ်ဝန်းလုံး သက်ဆိုင်သည်။

**ပြည်နယ်-** ပြည်နယ်အဆင့်သည် ဩစတြေးလျနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းမထားသည့် ကိစ္စများအတွက် တာဝန်ရှိသည် – ပြည်ထောင်စုအဖြစ် ပေါင်းစည်းဖွဲ့စည်းချိန်၌ ပြည်နယ်များအတွက် ချန်ထားသည့်ကိစ္စများဖြစ်သည်။ ပြည်နယ်များသည် ပညာရေး၊ ကျန်းမာရေး၊ အရေးပေါ်အခြေအနေ ဝန်ဆောင်မှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် ပိုများသည့် ကိစ္စများကဲ့သို့ ကြီးကျယ်သောကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးသည်။

**မြို့နယ်-** ဩစတြေးလျနိုင်ငံတစ်ဝန်းတွင် မြို့နယ်အဆင့် ကောင်စီ ရာနှင့်ချီရှိသည်။ ကောင်စီများသည် လူမှုအသိုက်အဝန်း ဝန်ဆောင်မှုများ၊ အမှိုက်သိမ်းခြင်းနှင့် ဆောက်လုပ်ရေး ပါမစ်များချပေးခြင်းကဲ့သို့သော အိမ်နှင့်နီးစပ်သည့်ကိစ္စများကို စောင့်ရှောက်ပေးကြသည်။

တောင်ဩစတြေးလျပြည်နယ် ပါလီမန်သည် ပြည်နယ် အဆင့်ဖြစ်သည်။




## အာဏာ သီးခြားခွဲဝေထားခြင်း

ဩစတြေးလျနိုင်ငံတွင် ၁) ဥပဒေပြုခြင်း ၂) ဥပဒေကို အကောင်အထည်ဖော်ခြင်း နှင့် ၃) ဥပဒေကိစ္စ စီရင်ဆုံးဖြတ်ခြင်းတို့၏ အာဏာများကို အမျိုးမျိုးသော အစိုးရ အဖွဲ့အစည်းများအကြား အာဏာသီးခြားခွဲဝေပေးထားခြင်းကြောင့် ထိန်းချုပ်မှုမှာ အဖွဲ့အစည်းတစ်ခုတည်းအပေါ် မကျရောက်ပါ။

**ပါလီမန်/ဥပဒေပြုအဖွဲ့အစည်း-** ပါလီမန်သည် မူလဘူတ ဥပဒေပြုအဖွဲ့အစည်းဖြစ်သည်။ ပါလီမန်၌ ပါဝင်သည့် ရွေးကောက် တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များက လူများအတွက် ဥပဒေ ပြုပေးကြသည်။

**အုပ်ချုပ်ရေးအဖွဲ့-** အုပ်ချုပ်ရေးအဖွဲ့မှာ ဝန်ကြီးများ (တစ်ခါတစ်ရံ ကက်ဘီနက်ဟုခေါ်သည်) နှင့် အစိုးရဌာနအမျိုးမျိုး၌ ဝန်ကြီးများ၏ ကြီးကြပ်မှုအောက် လုပ်ကိုင်ပေးကြသည့် အများပြည်သူ ဝန်ဆောင်မှုတို့ဖြစ်ကြသည်။ အုပ်ချုပ်ရေးအဖွဲ့က ဥပဒေကို အကောင်အထည် ဖော်ပေးကြသည် သို့မဟုတ် ဥပဒေကို လက်တွေ့အသုံးပြုသည်။ ဥပမာ၊ အစိုးရကျောင်းရှိ ဆရာဆရာမသည် ဥပဒေကို အသုံးချသည် ဆိုလိုသည်မှာ အစိုးရ ပညာရေး ဝန်ဆောင်မှုကို ပို့ချပေးသည်။ အုပ်ချုပ်ရေးအဖွဲ့၏ အလုပ် နမူနာ နောက်တစ်ခုမှာ ပါလီမန်က ပြဋ္ဌာန်းထားသည့် ရာဇဝတ်ဥပဒေများကို ရဲတပ်ဖွဲ့က အာဏာသက်ရောက်စေသည်။

**တရားစီရင်ရေး-** တရားစီရင်ရေးသည် တရားရုံး စနစ်ဖြစ်သည်။ တရားရုံးများတွင် ဥပဒေနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ပေးရန် အခြေခံအားဖြင့် တာဝန်ရှိသည် နမူနာအားဖြင့် ဥပဒေကို မှန်မှန်ကန်ကန် အာဏာသက်ရောက်စေသည် ဟုတ်/မဟုတ် သို့မဟုတ် ဥပဒေဘောင်အတွင်း လုပ်ကိုင်ထားသည် ဟုတ်/မဟုတ် စီရင်ဆုံးဖြတ်ပေးခြင်း ဖြစ်ပါသည်။

တောင်ဩစတြေးလျပြည်နယ် ပါလီမန်သည် အစိုးရ၏ ပါလီမန်/ဥပဒေပြု အဖွဲ့အစည်းဖြစ်သည်။



## တောင်သြစတြေးလျပြည်နယ် ပါလီမန်

ဖွဲ့စည်းပုံအခြေခံ ဥပဒေ အက်ဥပဒေကို ၁၈၅၆ ခုနှစ်တွင် ဥပဒေပြုအဖွဲ့အစည်း နှစ်ရပ် (လွှတ်တော် နှစ်ရပ်) ပါဝင်သည့် ပါလီမန်အတွက် ပြဋ္ဌာန်းကြေညာခဲ့သည်။ လွှတ်တော်နှစ်ရပ်ကို ပြည်သူ့လွှတ်တော် (House of Assembly) နှင့် ဥပဒေပြုကောင်စီ (Legislative Council) အဖြစ် အသိများကြသည်။ ကမ္ဘာ့ပထမဦးဆုံး လျှို့ဝှက်မဲပေးစနစ် ရွေးကောက်ပွဲများအနက် တစ်ခု ကျင်းပပြီးနောက် ပထမဦးဆုံး ပြည်နယ်ပါလီမန်ကို ၁၈၅၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ပါလီမန် ဖွင့်လှစ်စည်းဝေးခဲ့သည်။

**ပြည်သူ့လွှတ်တော်-** ပြည်သူ့လွှတ်တော်ကို ပါလီမန်အမတ် (MPs) ၄၇ ဦးဖြင့် ဖွဲ့စည်းထားသည်။ အမတ် (MPs) ၄၇ ဦးကို တောင်သြစတြေးလျပြည်နယ် လူထုအတွက် လွှတ်တော်တွင် ၄ နှစ် ကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ကြသည်။ အမတ် တစ်ဦးသည် မဲပေးသူ နှစ်သောင်းငါးထောင် (၂၅ ၀၀၀) ခန့်ရှိသည့် မဲဆန္ဒနယ်တစ်ခုကို ကိုယ်စားပြုသည်။ လွှတ်တော်တွင် အမတ် (MPs) ဦးရေ ပိုမိုများများ ရရှိသည့် နိုင်ငံရေးပါတီက တောင်သြစတြေးလျပြည်နယ်၏ အစိုးရဖြစ်လာပြီး အစိုးရအဖွဲ့ကို ဖွဲ့စည်းမည့် ဝန်ကြီးများကို ရွေးချယ်နိုင်ကြသည်။ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်စည်းကမ်းကို ထိန်းသိမ်းရပြီး လွှတ်တော်၏ အထိမ်းအမှတ် သင်္ကေတမှာ (Mace) ဟုခေါ်သော ကျိုင်းတုတ်အဆောင်အယောင်ဖြစ်ပါသည်။

**ဥပဒေပြုကောင်စီ-** ဥပဒေပြုကောင်စီကို အဖွဲ့ဝင် (MLCs) ၂၂ ဦးဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်များ (MLCs) ကို တောင်သြစတြေးလျပြည်နယ် လူထုက ၈ နှစ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ကြပြီး အဖွဲ့ဝင်များ (MLCs) သည် ပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုပါသည်။ ဆိုလိုသည်မှာ အဖွဲ့ဝင် (MLCs) ၂၂ ဦးလုံးသည် သင့်အတွက် အလုပ်လုပ်ပေးသည်။ မဲများကို ဥပဒေပြုကောင်စီအတွက် ရေတွက်ပုံ မတူပါ၊ ဤဥပဒေပြုကောင်စီတွင် နိုင်ငံရေးပါတီ အသေးအဖွဲ့များ သို့မဟုတ် တစ်သီးပုဂ္ဂလများ ပိုမိုပါဝင်ကြပါသည်။ ဥပဒေပြုကောင်စီ ဥက္ကဋ္ဌက ဥပဒေပြုကောင်စီစည်းကမ်းများ ထိန်းသိမ်းရပြီး ဥပဒေပြုကောင်စီ အထိမ်းအမှတ် သင်္ကေတမှာ (Black Rod) ဟုခေါ်သော ကျိုင်းတုတ်ဖြစ်ပါသည်။

## ပါလီမန်၏ လုပ်ငန်းများ

ပါလီမန်တွင် လုပ်ငန်း လေးခု ရှိသည်။

**ကိုယ်စားပြုပေးခြင်း-** ပါလီမန်ဆိုသည်မှာ တောင်သြစတြေးလျပြည်နယ် လူထုသည် မိမိတို့၏ ပါလီမန်အမတ်များမှတစ်ဆင့် ပါဝင်နေသည့် နေရာအဖွဲ့အစည်းဖြစ်သည်။ ပါလီမန်အမတ်များသည် အစိုးရနှင့် အခြား အမတ်များ ကြားသိစေရန် သေချာအောင် မကျေနပ်ချက်တင်ပြမှု ဆွေးနွေးချက်များ၊ စိတ်ဝင်စားသည့်ကိစ္စရပ်များ၊ နှင့် ဥပဒေပြဋ္ဌာန်းပေးရန်အတွက် အဆိုပြုချက်များနှင့်ပတ်သက်၍ ပြောဆိုနိုင်ပါသည်။

**ကြီးကြပ်စောင့်ကြည့်ခြင်း-** အစိုးရဌာန အမျိုးအမျိုးအတွက် တာဝန်ရှိသည့် ဝန်ကြီးများသည်လည်း ပါလီမန်တွင် ပါဝင်လုပ်ကိုင်ပေးကြပါသည်။ ဆိုလိုသည်မှာ သင်၏ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီ အမျိုးမျိုးသည် ဝန်ကြီးများ၏ အလုပ်နှင့်ပတ်သက်ပြီး စောင့်ကြပ်ကြည့်ရှုနိုင်ပြီး မေးမြန်း နိုင်ပါသည်။ ပါလီမန်အမတ်များသည် ဝန်ကြီးများကို မေးခွန်းများ မေးမြန်းနိုင်သည် –မေးခွန်းမေးမြန်းချိန် (ကြိုတင်အကြောင်းမကြားဘဲ မေးသည့်မေးခွန်းများ) သို့မဟုတ် “ကြိုတင်အကြောင်းကြား” စနစ်မှတစ်ဆင့် မေးခွန်းများ မေးမြန်းနိုင်သည်။

**ငွေကြေးကိစ္စ-** ပါလီမန်သည် အစိုးရ သုံးစရိတ်များကို အတည်ပြုပေးသည့် နေရာဖြစ်သည်။ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို နှစ်စဉ် အတည်ပြု ပေးရသည်။ လာမည့်ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ဇွန်လတွင် သာမန်အားဖြင့် တင်သွင်းရသည်။

**ဥပဒေပြုရေးကိစ္စ-** ပါလီမန်သည် တောင်သြစတြေးလျပြည်နယ် ဥပဒေများကို ပြဋ္ဌာန်းရန်နှင့် ပြင်ဆင်ပြောင်းလဲရန် နေရာဖြစ်သည်။

## အဆောက်အဦ

ရှေးဟောင်း အဆောက်အဦကို စကျင်ကျောက် ထောင့်တိုင်ကြီးများကို ၁၉ ရာစု ဘုရင်ခံများ၊ ဥပဒေပြုလွှတ်တော် ဥက္ကဋ္ဌနှင့် အောက်လွှတ်တော် ဥက္ကဋ္ဌတို့၏ စိတ်တိုင်းကျ အရွက်ပုံပန်းပုထွင်းရုပ်များနှင့် ကျောက်လွှာတုံးများ ထွင်းထု၍ ပင့်တင်ထားသည်။ အသုံးပြုထားသည့် ပင်မ အဆောက်အဦ ဆောက်လုပ်ပစ္စည်းများမှာ ကပန်းဒါးဒေသ (Kapunda) မှ စကျင်ကျောက်နှင့် ဗစ်တာဟားဘား (Victor Harbor) မှ နှမ်းဖတ်ကျောက်ကို အသုံးပြုထားသည်။ ခန်းမဆောင်များ၏ အရောင်များကို ဗြိတိသျှ ရိုးရာဓလေ့ဖြစ်သည့် အနီရောင်ကို ဥပဒေပြုကောင်စီအတွက်နှင့် အစိမ်းရောင်ကို အောက်လွှတ်တော်အတွက် သုံးထားသည်။ အောက်လွှတ်တော်ကို ၁၈၈၉ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် Sir Langdon Bonython သည် ၁၉၃၉ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ဖွင့်လှစ်သည့် ဥပဒေပြုကောင်စီကို စတင်ဆောက်လုပ်နိုင်ရန်အတွက် အလှူငွေ £100,000 လှူဒါန်းခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ် နှစ်ဦးဖြစ်သည့် Tom Price (1905-1909) နှင့် Frank Walsh (1965-1967) နှစ်ဦးလုံးသည် ကျောက်ဆစ်ပညာရှင်များအဖြစ် ဆောက်လုပ်စဉ် လုပ်ကိုင်ပေးခဲ့သည်။

## ပါဝင်ပေးခြင်း

**လာရောက်လည်ပတ်ခြင်း-** ပါလီမန်သည် King William Street နှင့် North Terrace လမ်းထောင့်တွင် တည်ရှိသည်။ လွှတ်တော်နှစ်ရပ်လုံးကို အများပြည်သူအတွက် ဖွင့်လှစ်ပေးထားပြီး ဧည့်သည်များကို ကြိုဆိုပါသည်။ ပါလီမန် စည်းဝေး မနေသည့် အခါ တနင်္လာမှ သောကြာနေ့တိုင်း နံနက် ၁၀ နာရီမှ နေ့လည် ၂ နာရီအထိ ဧည့်ကြိုသူက လိုက်လံပြသပေးပါသည်။ အခမဲ့ ကြည့်ရှုနိုင်သည်။ ကျောင်းနှင့် အုပ်စုလိုက် လာရောက်လည်ပတ်မှုများကို ဒေသခံ ပါလီမန် အမတ်မှတစ်ဆင့် ရက်ချိန်း မှာထားသင့်သည်။ အကယ်၍ သင် ပါလီမန်သို့ မလာရောက်နိုင်လျှင် စည်းဝေးနေစဉ် အွန်လိုင်း ထုတ်လွှင့်မှုကို ကြည့်ရှုနိုင်ပါသည်။

**ဟင်းန်ဆဒ်-** ဟင်းန်ဆဒ် (Hansard) ဆိုသည်မှာ ပါလီမန် ဆွေးနွေးမှုများကို တရားဝင် ထုတ်ပြန်ချက်ဖြစ်သည်။ သင့်အနေဖြင့် ပါလီမန် ဆွေးနွေးမှုအားလုံးကို ဟင်းန်ဆဒ် (Hansard) တွင် ဖတ်နိုင်သည်။ ဟင်းန်ဆဒ် (Hansard) ကို ပါလီမန် ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည်။

**ကော်မတီများ-** အမတ်အုပ်စုငယ်များကို လွှတ်တော် နှစ်ရပ်လုံးကိုယ်စား အသေးစိတ် အလုပ်ကို လုပ်ပေးရန်အတွက် ကော်မတီများ အဖြစ် ဖွဲ့စည်းထားပါသည်။ ပါလီမန်ကော်မတီများတွင် ၎င်းတို့၏ ဖွဲ့စည်းပုံမှတ်တမ်းများနှင့်အညီ အမှုကိစ္စများနှင့် ပတ်သက်၍ သက်သေခံချက်များ ကောက်ယူရန်၊ ထည့်သွင်းစဉ်းစားရန်နှင့် အစီရင်ခံတင်သွင်းရန် အာဏာများရှိကြသည်။ အများပြည်သူအနေဖြင့် တင်သွင်းလွှာများကို တင်သွင်းခြင်းနှင့် အများပြည်သူကြားနာမှုများကို တက်ရောက်ပေးခြင်းဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**အသနားခံစာများ-** အသနားခံစာဆိုသည်မှာ လုပ်ရပ်တစ်ခု လုပ်ပေးရန် တောင်းဆိုချက် တစ်ရပ်ဖြစ်သည်။
တောင်သြစတြေးလျပြည်နယ်၏ မည်သည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသား အုပ်စုမဆို လုပ်ရပ်တစ်ရပ်ကို ဆောင်ရွက်ပေးရန် ပါလီမန် လွှတ်တော်တစ်ရပ်ရပ်သို့ အသနားခံစာတင်သွင်းနိုင်သည်။ နမူနာအားဖြင့်၊ အသနားခံစာဖြင့် လွှတ်တော်တစ်ရပ်အား ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးရန်၊ သို့မဟုတ် ရှိရင်းစွဲ ဥပဒေကို ဖျက်သိမ်းပေးရန် သို့မဟုတ် ပြင်ဆင်ပေးရန် သို့မဟုတ် သီးခြား ရည်ရွယ်ချက် သို့မဟုတ် သီးခြား လူပုဂ္ဂိုလ်များကို လိုက်လျောသောအားဖြင့် အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုနိုင်သည်။ ပါလီမန်သို့ အသနားခံလွှာ တင်သွင်းခြင်းမှာ ကြာရှည်တည်ရှိလျက်ရှိသော နိုင်ငံသားအားလုံး၏ အခြေခံအခွင့်အရေး တစ်ရပ်ဖြစ်ပါသည်။ ၎င်းအားဖြင့် မည်သည့်လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကိုမဆို သို့မဟုတ် မည်သည့်အုပ်စုကိုမဆို ပါလီမန်သို့ မကျေနပ်ချက်နစ်နာမှုများကို တင်သွင်းရန် ခွင့်ပြုသည်။ ၎င်းသည် လူများနှင့် ပါလီမန်အကြား တိုက်ရိုက် ဆက်သွယ်ရေးလမ်းကြောင်းများအနက် တစ်ခု ဖြစ်ပါသည်။

**ဆန္ဒပြခြင်း-** လူစီတန်းလှည့်လည်ဆန္ဒပြခြင်း သို့မဟုတ် ပါလီမန် အဆောက်အဦ လှေကားထစ်ပေါ် ဆန္ဒပြခြင်းကို ခွင့်ပြုထားသော်လည်း စည်းရုံးဦးဆောင်သူများအနေဖြင့် အောက်လွှတ်တော် ဥက္ကဋ္ဌ နှင့် ဥပဒေပြုကောင်စီ ဥက္ကဋ္ဌတို့၏ ခွင့်ပြုချက်ကို တောင်းခံရန် အရေးကြီးပါသည်။ ဤကိစ္စမှာ ပါလီမန် တက်ရောက်သည့် သို့မဟုတ် လူလျှောက်လမ်းနှင့် လမ်း အသုံးပြုသည့် အများပြည်သူတို့၏အကျိုးအတွက်အပြင် လူစီတန်းလှည့်လည်ဆန္ဒပြပွဲ သို့မဟုတ် ဆန္ဒပြပွဲတွင် ပါဝင်သူတို့၏ အကျိုးအတွက် ဖြစ်ပါသည်။

**အမတ်များကို ဆက်သွယ်ခြင်း-** ပြဿနာများနှင့်ပတ်သက်၍ သင့်အမြင်များအကြောင်း သင့် ကိုယ်စားလှယ်များအား ပြောဆိုရန် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ရှိ အမတ်အား ဆက်သွယ်ခြင်းအကြောင်းကို ရှာနိုင်ပါသည်။

## ပြည်ထောင်စု ပါလီမန်နှင့် နှိုင်းယှဉ်ချက်

| | ပြည်ထောင်စု ပါလီမန် | |
|---|---|---|
| | ပြည်သူ့လွှတ်တော် | ဆီးနိတ်လွှတ်တော် |
| **အခြား နာမည်** | အောက်လွှတ်တော် | အထက် လွှတ်တော် |
| **အမတ်** | ၁၅၁ | ၇၆ |
| **ကိုယ်စားပြုခြင်း** | မဲပေးသူ တစ်သိန်း တစ်သောင်း (၁၁၀ ၀၀၀) ရှိသော မဲဆန္ဒနယ်တစ်ခုကို အမတ် တစ်ဦးစီ ကိုယ်စားပြုသည် | ဆီးနိတ်လွှတ်တော်အမတ်တစ်ဦးစီသည် ၎င်း၏ ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေကို ကိုယ်စားပြုသည်။ ပြည်နယ်တစ်ခုစီအတွက် ဆီးနိတ်လွှတ်တော်အမတ် ၁၂ ဦးရှိပြီး အုပ်ချုပ်ခံနယ်မြေ တစ်ခုစီအတွက် ၂ ဦးရှိပါသည်။ |
| **သက်တမ်း** | ၃ နှစ် | ၆ နှစ် |
| **မဲပေးစနစ်** | ဦးစားပေးစနစ် | အချိုးကျစနစ် – ဦးစားပေးမဲ အစဉ်လိုက်လွှဲပြောင်းခြင်း |
| **စီရင်ပိုင်ခွင့်** | ပြဋ္ဌာန်းလိုက်သည့် ဥပဒေများမှာ သြစတြေးလျတစ်နိုင်ငံလုံးအတွက် ဖြစ်သည် | ပြဋ္ဌာန်းလိုက်သည့် ဥပဒေများမှာ သြစတြေးလျတစ်နိုင်ငံလုံးအတွက် ဖြစ်သည် |

| | တောင်သြစတြေးလျပြည်နယ် ပါလီမန် | |
|---|---|---|
| | ပြည်သူ့လွှတ်တော် | ဥပဒေပြုကောင်စီ |
| **အခြား နာမည်** | အောက်လွှတ်တော် | အထက် လွှတ်တော် |
| **အမတ်** | ၄၇ | ၂၂ |
| **ကိုယ်စားပြုခြင်း** | မဲပေးသူ နှစ်သောင်းငါးထောင် (၂၅ ၀၀၀) ရှိသော မဲဆန္ဒနယ်တစ်ခုကို အမတ် တစ်ဦးစီ ကိုယ်စားပြုသည် | အထက်လွှတ်တော်အမတ် တစ်ဦးစီသည် တောင်သြစတြေးလျပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုသည် |
| **သက်တမ်း** | ၄ နှစ် | ၈ နှစ် |
| **မဲပေးစနစ်** | ဦးစားပေးစနစ် | အချိုးကျစနစ် – စိတ်ကြိုက် တစ်ဦးတည်း သို့မဟုတ် အများကို အစဉ်လိုက် မဲပေးစနစ် |
| **စီရင်ပိုင်ခွင့်** | ပြဋ္ဌာန်းလိုက်သည့် ဥပဒေများမှာ တောင်သြစတြေးလျပြည်နယ်အတွက်သာ ဖြစ်သည်။ | ပြဋ္ဌာန်းလိုက်သည့် ဥပဒေများမှာ တောင်သြစတြေးလျပြည်နယ်အတွက်သာ ဖြစ်သည်။ |

## ကျွန်ုပ်တို့အား ဆက်သွယ်ရန်


**တယ်လီဖုန်း-** +61 8 8237 9100 | 1800 182 097 (toll free)

**စာပို့ရန်-** GPO Box 572, Adelaide SA 5001, Australia

**လာရောက်ရန်-** Parliament House, North Terrace, Adelaide SA 5000, Australia

**အီးမေးလ်-** LegCo@parliament.sa.gov.au (Legislative Council)
Assembly@parliament.sa.gov.au (House of Assembly)

**ဝက်ဘ်ဆိုက်-** www.parliament.sa.gov.au

**လူမှုမီဒီယာ-**
Facebook: @parliamentsouthaustralia
Instagram: @parliamentsouthaustralia
YouTube: South Australian Parliament
Twitter: @LegCouncilSA | @AssemblySA